# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာန ထူထောင်ခြင်းနှင့် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၈၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

**အမည်**

၁။ ဤစည်းမျဉ်းကို ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်ဆိုင်ရာ စည်းမျဉ်းဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤစည်းမျဉ်းပါ စကားရပ်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ချေးငွေသတင်းအချက်အလက်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ စီးပွားရေးနှင့် ငွေရေး ကြေးရေးဆိုင်ရာ တာဝန်ရှိမှုများကိုဖော်ပြသည့် သတင်းအချက်အလက်ကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါပုဂ္ဂိုလ်၏ အာမခံပေးမှုများ၊ ယခင်ချေးငွေပြန်လည်ပေးဆပ်မှုမှတ်တမ်း၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ နှင့် ငွေချေးပေးရန်ထိုက်တန်သူဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည့် သတင်းအချက် အလက်များ ပါဝင်သည်။

(ခ) **ချေးငွေသတင်းအချက်အလက်ဌာန** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဗ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ဂ) **ချေးငွေဆိုင်ရာမှတ်ပုံတင်လုပ်ငန်းဌာန** ဆိုသည်မှာ လုပ်ငန်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကြွေးမြီသတင်းအချက်အလက်များကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရန်တာဝန်ရှိသည့်အဖွဲ့အစည်းများထံသို့ ပံ့ပိုးပေးရန်အလို့ငှာ တည်ထောင်ထားသောသတင်းအချက်အလက်များ မှတ်ပုံတင်သည့် လုပ်ငန်းဌာနကိုဆိုသည်။

(ဃ) **ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ(CRA)** ဆိုသည်မှာ ချေးငွေအစီရင်ခံစာနှင့် အခြားဆက်စပ်ဝန်ဆောင်မှုများအပါအဝင် ချေးငွေသတင်းအချက်အလက်များ ကောက်ယူခြင်း၊ စုစည်းပြုစုခြင်းနှင့် ထပ်ဆင့်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။

(င) **ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ (CRSPs)** ဆိုသည်မှာ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်စီးပွားရေးလုပ်ငန်းဆိုင်ရာချေးငွေ (Commercial Credit) အချက်အလက်အစီရင်ခံသည့် ကုမ္ပဏီများ သို့မဟုတ် ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာန သို့မဟုတ် ချေးငွေဆိုင်ရာမှတ်ပုံတင်လုပ်ငန်းဌာနစသည့် ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဆိုသည်။

(စ) **ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ် (CRS)** ဆိုသည်မှာ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်ရန်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ချေးငွေသတင်းအချက်အလက်များကို လဲလှယ်ဖလှယ်နိုင်သည့် အဖွဲ့အစည်းများ၊ စည်းမျဉ်းစည်းကမ်းနှင့် စံသတ်မှတ်ချက်များ၊ နည်းပညာနှင့်သတင်းအချက်အလက်များပါဝင်သည့် စနစ်ကိုဆိုသည်။

(ဆ) **ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းဆိုင်ရာချေးငွေ (Commercial Credit) အချက်အလက်အစီရင်ခံသည့် ကုမ္ပဏီ၊ ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနအပါအဝင် ချေးငွေသတင်းအချက်အလက်ဌာနထူထောင်၍ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကိုဆောင်ရွက်ရန် ဗဟိုဘဏ်က ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်။

(ဇ) **ချေးငွေအစီရင်ခံစာ** ဆိုသည်မှာ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများကထုတ်ပြန်သည့် အစီရင်ခံစာကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများအား သတ်မှတ်ဖော်ထုတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ ချေးငွေ၊ ကြွေးမြီနှင့်အချိန်ဆိုင်းပေးချေမှုများအပါအဝင် ငွေရေးကြေးရေးကဏ္ဍသို့ ပေးရန်တာဝန်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များပါဝင်သည်။

(ဈ) **ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ ငွေချေးငှားသူနှင့် ချေးငွေစာချုပ်တစ်ရပ်ချုပ်ဆိုထားခြင်း သို့မဟုတ် ချေးငွေလျှောက်လွှာကို လက်မှတ်ရေးထိုးတင်ပြထားခြင်း သို့မဟုတ် အခြားတရားဝင်ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ထားခြင်းကြောင့် ယင်းတို့၏ သတင်းအချက်အလက်သည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါရှိနေသော သို့မဟုတ် ပါရှိနိုင်သော လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ဥပဒေအရဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။

(ည) **စီးပွားရေးလုပ်ငန်းဆိုင်ရာချေးငွေ** (Commercial Credit) **အချက်အလက်အစီရင်ခံသည့်ကုမ္ပဏီ** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ခုမှတစ်ခုသို့ ငွေချေးငှားရာတွင် တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများနှင့် ကော်ပိုရေးရှင်းလုပ်ငန်းကြီးများအပါအဝင် ချေးငွေအဆင့်ကို အမှတ်ပေးအကဲဖြတ်ခြင်း၊ ချေးငွေဆုံးရှုံးနိုင်ခြေကို စိစစ်အကဲဖြတ်ခြင်း သို့မဟုတ် ကုန်သွယ်မှုချေးငွေထုတ်ချေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီကိုဆိုသည်။

(ဋ) **ဆန့်ကျင်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ချေးငွေအစီရင်ခံစာတွင်ပါဝင်သည့် အချက်အလက်များအပေါ် အခြေခံ၍သော်လည်းကောင်း၊ ချေးငွေသတင်းအချက်အလက်များ ပြောင်းလဲခြင်းကြောင့်သော်လည်းကောင်း ချေးငွေထုတ်ပေးရန် ငြင်းဆိုခြင်းကို ဆိုသည်။

(ဌ) **သတင်းအချက်အလက်ပံ့ပိုးပေးသူများ** ဆိုသည်မှာ-

(၁) ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(၂) ချေးငွေကို ပုံစံတစ်မျိုးမျိုးဖြင့်ထုတ်ချေးပြီး ချေးငွေသတင်းအချက်အလက်ဌာနသို့ သတင်းအချက်အလက်များပေးနေသော အခြားအဖွဲ့အစည်းများ၊

(၃) ချေးငွေသတင်းအချက်အလက်လုပ်ငန်း ဆောင်ရွက်နေသူများနှင့် သတင်းအချက်အလက်မျှဝေသည့် သဘောတူညီချက် ချုပ်ဆိုထားပြီး ချေးငွေသုံးစွဲသူများ၏ ငွေချေးရန် ထိုက်တန်မှုကိုအကဲဖြတ်ရန်အတွက် သက်ဆိုင်သည့် သတင်းအချက်အလက်ကို ရယူအသုံးပြုသည့် တတိယပုဂ္ဂိုလ်များ၊ နှင့်

(၄) ဗဟိုဘဏ်က အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်။

(ဍ) **သဘောတူညီချက်** ဆိုသည်မှာ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများက ယင်းတို့၏ ချေးငွေသတင်းအချက်အလက်များကို သတင်းအချက်အလက်အစီရင်ခံသည့် စနစ်အတွင်းသို့ ထည့်သွင်းခြင်းကို သဘောတူကြောင်းစာဖြင့် လက်မှတ်ရေးထိုးထားသည့် ခွင့်ပြုချက်ကိုဆိုသည်။

(ဃ) **အပြုသဘောမဆောင်သည့် ချေးငွေသတင်းအချက်အလက်** ဆိုသည်မှာ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူနှင့်သက်ဆိုင်သည့် လူမွဲခံယူခြင်း၊ ကြွေးကျန်များနှင့် ပျက်ကွက်မှုများ စသည့်အခြေအနေများပါဝင်သည့် သတင်းအချက်အလက်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခြားတရားဝင်ဇစ်မြစ်များ သို့မဟုတ် တရားရုံးများမှ ရရှိသည့် စီရင်ချက်များ၊ ကြွေးမြီအတွက် အာမခံအဖြစ် လက်ဝယ်ထားရှိသည့် ပိုင်ဆိုင်ပစ္စည်းများ၊ တရားစွဲဆိုခြင်းများနှင့်စပ်လျဉ်းသည့် ဖော်ပြချက်များ ပါဝင်သည်။

(င) **အပြုသဘောဆောင်သည့် ချေးငွေသတင်းအချက်အလက်** ဆိုသည်မှာ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများနှင့် မြီရှင်များအကြား ပဋိညာဉ်အရ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ အကျုံးဝင်သည့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်ကိုဆိုသည်။ ယင်းစကားရပ်တွင် အာမခံချက်ပေးခြင်း သို့မဟုတ် အပေါင်ပစ္စည်းပေးခြင်း၊ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၊ ပြန်လည်ပေးဆပ်မည့် နည်းလမ်းများ၊ ချေးငွေပမာဏ၊ ချေးငွေလက်ကျန် စသည်တို့နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များပါဝင်သည်။

(စ) **အသုံးပြုခွင့်ရှိသူများ** ဆိုသည်မှာ ချေးငွေသတင်းအချက်အလက်ဌာနတွင် စုစည်းထားသည့် သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့်ရှိသည့် ပုဂ္ဂိုလ်များကို ဆိုသည်။ ယင်းစကားရပ်တွင် သတင်းအချက်အလက်ပံ့ပိုးပေးသူများ၏ ဝန်ထမ်းများ၊ ချေးငွေသတင်းအချက်အလက်ဌာနများ၏ ဝန်ထမ်းများနှင့် ဗဟိုဘဏ်က သတ်မှတ်ပေးထားသည့် ဝန်ထမ်းများပါဝင်သည်။

## အခန်း(၂)
## ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ (က) ဗဟိုဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(၁) မြန်မာနိုင်ငံတွင် ချေးငွေသတင်းပေးပို့ခြင်းမူဝါဒကို ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊

(၂) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၃) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင်တွင် ပါရှိရမည့် စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များချမှတ်ခြင်း၊

(၄) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သူများက လိုက်နာမှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(၅) ချေးငွေအချက်အလက်အစီရင်ခံသည့် ကုမ္ပဏီများနှင့် ချေးငွေသတင်းအချက်အလက်ဌာနများက ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မည့် ပြည့်စုံလုံလောက်သော နည်းလမ်းများချမှတ်ဆောင်ရွက်ထားခြင်း ရှိ မရှိ ကြီးကြပ်စစ်ဆေးခြင်း၊

(၆) စီးပွားရေးလုပ်ငန်းဆိုင်ရာချေးငွေ(Commercial Credit) အချက်အလက်အစီရင်ခံသည့် ကုမ္ပဏီများနှင့် ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနများတွင် ပါဝင်ဆောင်ရွက်လာစေရန် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ညွှန်ကြားခြင်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းများကို အားပေးခြင်း၊

(၇) ဆိုးရွားနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အဆိုပါဆိုးရွားနိုင်ခြေများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် လုံလောက်သည့်မူဝါဒများ၊ တာဝန်ခံဆောင်ရွက်မှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်တွင် ပါဝင်သူများကို ညွှန်ကြားခြင်း၊

(၈) ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်တွင် ပါဝင်ဆောင်ရွက်သူများအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်း၊

(၉) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်စစ်ဆေးခြင်း။

(ခ) ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သူများကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လုံလောက်သော အရင်းအမြစ်များရရှိစေမည့် လိုအပ်သောနည်းလမ်းများ ချမှတ်ခြင်းနှင့် ကြီးကြပ်စစ်ဆေးမှု မူဘောင်တစ်ရပ်ကို ထူထောင်ရမည်။

(ဂ) ဗဟိုဘဏ်သည် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ သို့မဟုတ် သတင်းအချက်အလက်ပံ့ပိုးပေးသူများ သို့မဟုတ် အသုံးပြုသူများထံမှ ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မရွေး ရယူနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာန၏ အစုရှယ်ယာရှင်များအပေါ် ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက လမ်းညွှန်ချက်များ ထပ်မံထုတ်ပြန်နိုင်သည်။

(င) ဗဟိုဘဏ်သည် မြန်မာနိုင်ငံတွင် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ် ဆောင်ရွက်ရာတွင် ထိရောက်မှုနှင့်လုံခြုံစိတ်ချရမှုကို ခြိမ်းခြောက်လာနိုင်သော အချက် တစ်ရပ်ရပ်တွေ့ရှိပါက လိုက်နာရန်ချမှတ်ထားသော ဗဟိုဘဏ်၏စည်းကမ်းသတ်မှတ် ချက်များနှင့် ကန့်သတ်ချက်များကို ပြောင်းလဲနိုင်သည်။

(စ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ ချေးငွေဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေကြောင်း သိရှိသည့် သတင်းအချက်အလက်ပံ့ပိုးပေးသူများကို ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်တွင် ထပ်တိုးပါဝင်ခွင့်ပြုနိုင်သည်။

(ဆ) စည်းမျဉ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(စ) အရ ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်း စနစ်တွင် ထပ်တိုးပါဝင်ခြင်းအတွက် ဗဟိုဘဏ် သို့မဟုတ် အခြားသက်ဆိုင်ရာ ကြပ်မတ်ကွပ်ကဲသူက လမ်းညွှန်ချက်များ ထပ်မံထုတ်ပြန်နိုင်သည်။

(ဇ) ဗဟိုဘဏ်သည် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ သီးသန့်အသိပေးချက် စံပုံစံတစ်ရပ်ကို သတ်မှတ်ပေးရမည်။ ယင်းစံ ပုံစံတွင် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေးနှင့် ယင်းတို့ ကို အသိပေးရမည့် သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ စာရင်းအင်းပြုစုခြင်း၊ ကောက်ယူစုစည်းခြင်းဆိုင်ရာ အဓိကအချက်အလက်များပါဝင်ရမည်။

(ဈ) ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနများနှင့် စီးပွားရေးလုပ်ငန်း ဆိုင်ရာ ချေးငွေ(Commercial Credit) အချက်အလက်အစီရင်ခံသည့် ကုမ္ပဏီများမှ အချက်အလက်များကို အခမဲ့ရယူနိုင်ပြီး ယင်း၏ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး လုပ်ငန်းနှင့် စာရင်းအင်းဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် အသုံးပြု ရမည်။

(ည) ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်၏ ထိရောက်မှု၊ လုံခြုံမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကိုထိန်းသိမ်းရန် ယင်း၏ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မည်သည့်ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်မှဖြစ်စေ အချက်အလက်များရယူခွင့်ရှိသည်။

(ဋ) ဤစည်းမျဉ်းအပိုဒ် ၉၊ အပိုဒ်ခွဲ (ခ) နှင့်(ဆ) တို့အရ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ် စစ်ဆေးခြင်း ရည်ရွယ်ချက်အလို့ငှာ ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်နှင့် သတင်းအချက်အလက်ကို အချိန်မရွေးရယူခွင့်၊ ကြည့်ရှုခွင့်ရှိ စေရမည်။

(ဌ) ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာန တည်ထောင်ရန် ကနဦး မတည်ငွေရင်းသတ်မှတ်ချက်ကို အချိန်ကာလအားလျော်စွာ သင့်လျော်သလို တိုးမြှင့်သတ်မှတ်နိုင်သည်။

## အခန်း(၃)
## ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်

**ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း**

၄။ (က) ချေးငွေသတင်းအချက်အလက်ဌာန တည်ထောင်ဆောင်ရွက်လိုသူသည် ကနဦး မတည်ငွေရင်းအဖြစ် အနည်းဆုံး ကျပ်သန်း ၃,၀၀၀ ထည့်ဝင်ရမည်။

(ခ) ချေးငွေသတင်းအချက်အလက်ဌာန တည်ထောင်ဆောင်ရွက်လိုသူသည် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ အောက်ပါစာတမ်းအမှတ်အသားများ ပူးတွဲတင်ပြ၍ လျှောက်ထားရမည်-

(၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အပါအဝင် ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အဓိက အဆိုပြုနေရာနှင့် ရုံးခွဲများ၊

(၃) လျှောက်ထားသူ၏ ပြင်ပစာရင်းစစ်မှ စစ်ဆေးပြီးသော အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းမိတ္တူများ၊ အစုရှယ်ယာပိုင်ဆိုင်သူများ၏ အမည်စာရင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် အခြားကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုစသည်တို့အပါအဝင် ဘဏ်လုပ်ငန်းနှင့် ချေးငွေကဏ္ဍတွင် ဆောင်ရွက်ချက်များ၊

(၄) အဆိုပြု ချေးငွေသတင်းအချက်အလက်ဌာန၏ ခွင့်ပြုမတည်ငွေရင်းနှင့်ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ၊

(၅) အဆိုပြုချေးငွေသတင်းအချက်အလက်ဌာနတွင် အဓိကအကျိုးစီးပွားပိုင်ဆိုင်သူများ၏ ကျွမ်းကျင်မှုနှင့် အရည်အချင်း၊

(၆) ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်ရွေးချယ်မှု စံသတ်မှတ်ချက်များအပါအဝင် ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှုပုံသဏ္ဌာန်၊

(၇) ချေးငွေသတင်းအချက်အလက်လုပ်ငန်း ဆောင်ရွက်ရန် သုံးနှစ်တာကာလ လုပ်ငန်းစီမံချက်၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာအခြေခံသောစနစ်များ၊ ဌာနတွင်းလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးလက်စွဲ၊

(၈) လျှောက်ထားသူနှင့် ယင်း၏ လက်အောက်ခံပုဂ္ဂိုလ်များ၏ ငွေရေးကြေးရေးဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု နောက်ကြောင်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ကစစ်ဆေးခြင်းကို ခံယူမည်ဖြစ်ကြောင်း ခွင့်ပြုချက်၊

(၉) လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးနှင့် သတင်းအချက်အလက်ဆုံးရှုံးမှုရှိပါက ပြန်လည်ရယူနိုင်မည့် အစီအစဉ်၊

(၁၀) အဆိုပြု အခကြေးငွေနှုန်းထားများ၊

(၁၁) သတင်းအချက်အလက် ပံ့ပိုးပေးသူများနှင့် အသုံးပြုသူများအကြားတွင်လည်းကောင်း၊ သတင်းအချက်အလက်ပံ့ပိုးပေးသူများနှင့် ဝန်ဆောင်မှုပံ့ပိုးပေးမည့် တတိယပုဂ္ဂိုလ်တို့အကြားတွင်လည်းကောင်း၊ လုပ်ငန်းစနစ်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူချုပ်ဆိုရန်လျာထားသည့် အစီအစဉ်များ၊

(၁၂) ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်သို့ သတင်းအချက်အလက်ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖော်ပြသည့်စာ (Letter of Intent)။

(ဂ) လျှောက်ထားသူသည် ပြည်ပမှအဖွဲ့အစည်းတစ်ခုဖြစ်ပါက အထက်အပိုဒ် (ခ)၊ အပိုဒ်ခွဲ (၁) မှ (၁၂)အထိ ဖော်ပြထားသည့်အချက်များအပြင် အောက်ပါစာတမ်းအမှတ်အသားများကို ပူးတွဲတင်ပြရမည်-

(၁) အပြည်ပြည်ဆိုင်ရာချေးငွေအဆင့်သတ်မှတ်သည့်အေဂျင်စီတစ်ခု၏ လျှောက်ထားသူနှင့်စပ်လျဉ်း၍ ချေးငွေအဆင့်သတ်မှတ်သည့် အစီရင်ခံစာ၊

(၂) ပြည်ပချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာဝန်ဆောင်မှုပေးသူများ၏ ပင်မရုံးချုပ်တည်ရှိရာနိုင်ငံ၏ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းထံမှ အောက်ပါအချက်များ-

(ကက) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်ရန် ဥပဒေနှင့်အညီထုတ်ပေးထားသည့် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင် သို့မဟုတ် ထောက်ခံစာ၊

(ခခ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာဝန်ဆောင်မှုပေးသူများ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ထိုရာထူးအတွက် သင့်လျော်မှန်ကန်မှုရှိကြောင်း ထောက်ခံစာ၊

(၃) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ ပင်ရင်းနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ ယင်း၏ရုံးခွဲများ၏ စုစုပေါင်းရရန်ပိုင်ခွင့်နှင့် မတည်ရင်းနှီးငွေ အရ အဆင့်သတ်မှတ်ချက်နှင့် မတည်ရင်းနှီးငွေပိုင်ဆိုင်မှု။

(ဃ) ဗဟိုဘဏ်က လိုအပ်သည့် အခြားသက်ဆိုင်ရာ စာတမ်းအမှတ်အသားများ။

**ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း**

၅။ ဗဟိုဘဏ်သည်-

(က) အပိုဒ် ၄ အရလျှောက်ထားသည့် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင် လျှောက်လွှာကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းတွေ့ရှိပါက ချေးငွေ သတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင် ထုတ်ပေးရာတွင် သက်တမ်း ကန့်သတ်ချက်မရှိစေရ။

(ဂ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းကို အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ငြင်းပယ်ရမည်-

(၁) ဤစည်းမျဉ်း အပိုဒ် ၄ အရ တင်ပြရမည့် သတ်မှတ်စာတမ်းအမှတ်အသားများ ကို ပြည့်စုံစွာမတင်ပြနိုင်ခြင်း၊

(၂) ဖော်ပြထားသည့် အချက်အလက်တစ်ရပ်ရပ်သည် မှားယွင်းနေခြင်း၊ မှားယွင်းဖော်ပြ ခြင်း သို့မဟုတ် တိကျမှုမရှိခြင်း၊

(၃) လျှောက်ထားသူသည် ချေးငွေသတင်းအချက်အလက်ဌာန သို့မဟုတ် စီးပွားရေး လုပ်ငန်းဆိုင်ရာချေးငွေ (Commercial Credit) အချက်အလက်အစီရင်ခံသည့် ကုမ္ပဏီ၏ ကောင်းမွန်စွာစီမံခန့်ခွဲမှုကို သိသာထင်ရှားစွာ အန္တရာယ်ပြုနိုင်သည့် အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်အုပ်စုများနှင့် ဆက်နွယ်မှုရှိကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်သတ်မှတ်ခြင်း။

(ဃ) လျှောက်လွှာကို ပြည့်စုံစွာ လက်ခံရရှိသည့်နေ့မှစ၍ သုံးလထက်နောက်မကျဘဲ လျှောက်ထားသူကို ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးမည် ဖြစ်ကြောင်း သို့မဟုတ် ငြင်းပယ်မည်ဖြစ်ကြောင်း စာဖြင့်ပြန်ကြားရမည်။

(င) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန် နိုင်သည်။

**ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ကြေး**

၆။ (က) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ရအဖွဲ့အစည်းတိုင်းသည် အောက်ပါ တို့ကို ပေးဆောင်ရမည်-

(၁) ကနဦးမတည်ငွေရင်း၏ ဝ.၁ ရာခိုင်နှုန်းဖြစ်သော လုပ်ငန်းလိုင်စင်ကြေး၊

(၂) နှစ်စဉ် ဧပြီလ ၂ ရက်နေ့ရှိ ထည့်ဝင်ပြီးမတည်ငွေရင်းစုစုပေါင်း၏ ဝ.၁ ရာခိုင်နှုန်း ဖြစ်သော နှစ်စဉ်ကြေး။

(ခ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်နေ့၏ နှစ်ပတ်လည် နေ့မတိုင်မီ တစ်လထက်နောက်မကျစေဘဲ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်း လိုင်စင်အတွက် နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

**ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့်တာဝန်များ**

၇။ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ဗဟိုဘဏ်ကချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ကန့်သတ်ချက်များကို လိုက်နာရမည်။

(ခ) ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ချေးငွေသတင်း ပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိသည့်နေ့မှ (၁၂) လအတွင်း လုပ်ငန်းစတင် ဆောင်ရွက်ရမည်။

(ဃ) ဗဟိုဘဏ်က ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း(on-site)နှင့် စောင့်ကြည့်ကြီးကြပ် စစ်ဆေးခြင်း(off-site)တို့ဆောင်ရွက်ရာတွင် ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက် ရမည်။

၈။ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိသူသည် ချေးငွေသတင်းပေးပို့ခြင်း ဆိုင်ရာ လုပ်ငန်းလိုင်စင်ကို အခြားသူအား လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

## အခန်း(၄)
## သတင်းအချက်အလက်ကောက်ယူစုစည်းခြင်းနှင့် သတင်းအချက်အလက်ရယူခြင်း

**ချေးငွေသတင်းအချက်အလက်ကောက်ယူစုစည်းရသည့် ရည်ရွယ်ချက်**

၉။ ချေးငွေသတင်းအချက်အလက်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်တစ်ရပ်ရပ်အတွက် စုစည်း ကောက်ယူခြင်းနှင့် ရယူခြင်းပြုနိုင်သည်-

(က) ချေးငွေလျှောက်ထားခြင်းအတွက်ဖြစ်စေ၊ ချေးငွေတစ်ရပ်အတွက်ဖြစ်စေ ငွေရေး ကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူတစ်ဦး၏ ကြွေးမြီတင်ရှိနေမှုနှင့် ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှု သို့မဟုတ် ချေးငွေဆုံးရှုံးနိုင်ခြေကို စိစစ်အကဲဖြတ်ရန်၊

(ခ) ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးမှုကို အထောက်အကူပြုရန်၊

(ဂ) အချိန်ဆိုင်းငွေပေးချေမှုနှင့်စပ်လျဉ်း၍ ပြန်လည်ပေးဆပ်နိုင်မှု ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ရန်၊

(ဃ) ချေးငွေအစီရင်ခံစာတွင်ပါဝင်သည့် မိမိ၏သတင်းအချက်အလက်များ မှန်ကန်တိကျမှု ရှိမရှိ အတည်ပြုနိုင်ရေးအတွက် ကာယကံရှင် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူကို ခွင့်ပြုပေးရန်၊

(င) စီးပွားရေးဆိုင်ရာမူဝါဒကို လေ့လာဆန်းစစ်ရန်၊

(စ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ပြန်လည်ဖြန့်ဝေရန်၊

(ဆ) ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်၏ ထိရောက်မှု၊ ယုံကြည်စိတ်ချရမှုနှင့်လုံခြုံမှုတို့အတွက် သက်ဆိုင်ရာကြပ်မတ်ကွပ်ကဲရေး တာဝန်ရှိအဖွဲ့အစည်းက ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျင့်သုံးဆောင်ရွက်ရန်။

## ချေးငွေသတင်းအချက်အလက်ကောက်ယူစုစည်းခြင်းနှင့် ဖြန့်ဝေခြင်း

၁၀။ (က) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက်ပံ့ပိုးပေးသူများနှင့် အခြားသောဇစ်မြစ်များမှ ချေးငွေသတင်းအချက်အလက်များကို ကောက်ယူစုစည်းခြင်း၊ စာရင်းအင်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် သတင်းအချက်အလက်ကို လွဲမှားစွာအသုံးပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲရယူခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် နည်းပညာချို့ယွင်းမှုမှ ကာကွယ်ရန် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးလက်စွဲကို တသမတ်တည်း လိုက်နာကျင့်သုံးရမည်။

(ခ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာဝန်ဆောင်မှုပေးသူများသည် မိမိတို့၏ ဌာနတွင်းလုပ်ထုံးလုပ်နည်းများကို ကျင့်သုံး၍ ဝန်ဆောင်မှုစဉ်ဆက်မပြတ်ရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် ထပ်တိုးပါဝင်လာသည့် သတင်းအချက်အလက် ပံ့ပိုးပေးသူများသည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ၏ သဘောတူညီချက်ဖြင့်သာ ချေးငွေသတင်းအချက်အလက်များကို ရယူနိုင်သည်။

(ဃ) သတင်းအချက်အလက်ပံ့ပိုးပေးသူများသည်-

(၁) ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ် စတင်သည့်နေ့ရက်မှ ရက်ပေါင်း(၉၀)အတွင်း ပထမချေးငွေသတင်းအချက်အလက် မှတ်တမ်းဖိုင်ကို ချေးငွေသတင်းအချက်အလက်ဌာနသို့ ပေးပို့ရမည်။

(၂) လစဉ်လတိုင်းအတွက် ချေးငွေသတင်းအချက်အလက်အပြည့်အစုံကို ပြုစု၍ လကုန်ပြီးနောက် နောက်လ၏ ငါးရက်နေ့တွင် ပေးပို့ရမည်။

(င) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက်ပံ့ပိုးပေးသူများထံမှ လက်ခံရရှိသော သတင်းအချက်အလက်ကို သတ်မှတ်

ထားသည့် ချေးငွေသတင်းအချက်အလက် မှတ်တမ်းဖိုင်ပုံစံဖြင့် လက်ခံရရှိသည့် အချိန်မှစ၍ အလုပ်လုပ်ရက် ငါးရက်အတွင်း ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ထည့်သွင်းရမည်။ သတ်မှတ်ပုံစံတစ်ရပ်ရပ် ပြောင်းလဲမှုရှိတိုင်း ဗဟိုဘဏ်၏ အတည်ပြုချက်ရယူရမည်။

(စ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်အတွက် အီလက်ထရောနစ်စနစ်ဖြင့် စုစည်းထားရှိသော သတင်းအချက်အလက် (Database) များ အားလုံးအတွက် တာဝန်ရှိပြီး ယင်းတို့၏ ချေးငွေသတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဤစည်းမျဉ်းအရခွင့်ပြုထားသော အခြားအသုံးပြုသူများကို ပံ့ပိုးပေးရမည်။

(ဆ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက်တိကျမှုရှိရန်နှင့် ယင်းတို့၏ဝန်ထမ်းများက သတင်းအချက်အလက်ကို လွဲမှားစွာ အသုံးပြုခြင်းမရှိစေရန် သို့မဟုတ် နည်းပညာချို့ယွင်းမှုများ မရှိစေရန် အတွက် တာဝန်ရှိသည်။

၁၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ယင်းတို့၏ ချေးငွေသတင်းအချက်အလက်များကို ဗဟိုဘဏ်က အတည်ပြုထားသည့် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာဖြည့်စွက်၍ တင်ပြရမည်။ ယင်းပုံစံတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် ငွေချေးယူသူနှင့် အာမခံသူတို့အတွက် သတ်မှတ်ဖော်ထုတ်ထားသည့် သတင်းအချက်အလက်များနှင့် ဒုတိယအပိုင်းတွင် ချေးငွေဆိုင်ရာအချက်အလက်များပါဝင်ရမည်။

**သတင်းအချက်အလက်ပေးပို့ခြင်း**

၁၂။ (က) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အတည်ပြုထားသည့်ပုံစံကို အသုံးပြု၍ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများထံသို့ အပြုသဘောဆောင်သည့် ချေးငွေသတင်းအချက်အလက်နှင့် အပြုသဘောမဆောင်သည့် ချေးငွေသတင်းအချက်အလက်များကို ပေးပို့ရမည်။

(ခ) သတင်းအချက်အလက်ပေးပို့ရာတွင် သတင်းအချက်အလက်ပံ့ပိုးပေးသူများနှင့် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများအကြား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(ဂ) သတင်းအချက်အလက်များကို လစဉ်ပေးပို့နိုင်စေရန် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏စနစ်များကို ပြင်ဆင်ရန်အတွက် အချိန်ကာလကိုးလရရှိမည်။

(ဃ) ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူသည် သတင်းအချက်အလက်ပံ့ပိုးပေးသူများအကြား ခွဲခြားမှုမပြုရ။ ဈေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်ဆောင်ရွက်သူများအားလုံးကို တစ်ပြေးညီ ဝန်ဆောင်မှုပေးရမည်။

**သတင်းအချက်အလက်များရယူခြင်း**

၁၃။ (က) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဈေးငွေပမာဏမည်မျှပင်ဖြစ်စေ ဈေးငွေလျှောက်ထားမှုအသစ်လက်ခံရရှိခြင်း သို့မဟုတ် ထုတ်ချေးပြီးသည့်ချေးငွေတစ်ရပ်အား သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ဆက်လက်ထုတ်ချေးခြင်းပြုရာတွင် လျှောက်ထားသူ၏ ချေးငွေပြန်လည်ပေးဆပ်မှု အလေ့အထကို လေ့လာဆန်းစစ်ရန် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ အသုံးပြုရမည်-

(၁) အသုံးပြုခွင့်ရှိသူများ သို့မဟုတ် သတင်းအချက်အလက်ပံ့ပိုးပေးသူများက ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်သို့ ဝင်ရောက်၍ သတင်းအချက်အလက်ရယူခြင်းကို သဘောတူစာချုပ်များပါ စည်းကမ်းချက်များဖြင့် ကန့်သတ်ထားရမည်။

(၂) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်ကို အသုံးပြုခွင့်ရှိသူများ အသုံးပြုနိုင်ရန် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရမည်။

(၃) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာဝန်ဆောင်မှုပေးသူများသည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်ကို သတင်းအချက်အလက်ပံ့ပိုးပေးသူများနှင့်အသုံးပြုခွင့်ရှိသူများက အပြည့်အဝအသုံးပြုနိုင်မှုရှိစေရန် ဆောင်ရွက်ထားရမည်ဖြစ်ပြီး အဆိုပါဝန်ဆောင်မှုသည် လုံခြုံမှု၊ တည်ငြိမ်မှုနှင့် အသုံးပြုနိုင်မှုရှိရမည်။

ခြွင်းချက်။

ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက်ပံ့ပိုးပေးသူများ သို့မဟုတ် အသုံးပြုခွင့်ရှိသူများက တတိယပုဂ္ဂိုလ်များထံသို့ မိမိ၏အသုံးပြုခွင့်နံပါတ် (access codes) သို့မဟုတ် လျှို့ဝှက်နံပါတ်များ (Passwords) ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် မှားယွင်းအသုံးပြုခြင်းကြောင့် ပေါ်ပေါက်သော အကျိုးဆက်များအတွက် တာဝန်မရှိစေရ။

(၄) သတင်းအချက်အလက်ပံ့ပိုးပေးသူများနှင့် အသုံးပြုခွင့်ရှိသူများအားလုံးသည် ဗဟိုဘဏ်ကအတည်ပြုထားသည့် လုံခြုံမှုဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ဗဟိုဘဏ်မှတစ်ပါး ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားအသုံးပြုသူများသည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ၏စာဖြင့် သဘောတူညီချက်ဖြင့်သာ ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်ကို အသုံးပြုနိုင်သည်။

(ဂ) ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်ဆောင်ရွက်သူများအားလုံးသည် ဗဟိုဘဏ်ကသတ်မှတ်သည့် စံသဘောတူညီချက်တစ်ရပ်ကို အသုံးပြုရမည်။

## သီးသန့်အသိပေးခြင်း

၁၄။ (က) သတင်းအချက်အလက်ပံ့ပိုးပေးသူသည် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသို့ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်ပေးပို့ရန်အတွက် စည်းကမ်းချက်များကို သတ်မှတ်ဖော်ပြထားသည့် သီးသန့်အသိပေးချက်အား ပြုစုထားရမည်။

(ခ) သတင်းအချက်အလက်ပံ့ပိုးပေးသူများသည် သီးသန့်အသိပေးချက်တွင် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သူများကို ဖြန့်ဝေမည့် သတင်းအချက်အလက်အမျိုးအစားနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ နည်းလမ်းများကို ဖော်ပြရမည်။ သီးသန့်အသိပေးချက်တွင် နောက်ခံသတင်းအချက်အလက် မှတ်တမ်းပြုစုခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀) အတွင်း ကန့်ကွက်နိုင်ကြောင်းကို ဖော်ပြထားရမည်။

(ဂ) သတင်းအချက်အလက်ပံ့ပိုးပေးသူသည် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူက ချေးငွေလျှောက်ထားလာသည့်အခါတွင် သီးသန့်အသိပေးချက်ကို ပေးအပ်ရမည်။

## ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ၏သဘောတူညီချက်

၁၅။ သတင်းအချက်အလက်ပံ့ပိုးပေးသူများသည် အသုံးပြုသူများက သတင်းအချက်အလက်များကို ရယူခြင်းမပြုမီ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ၏ သဘောတူညီချက်ကို ရယူရမည်။ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ၏ သဘောတူညီချက်တွင် အောက်ပါအချက်များအနည်းဆုံးပါဝင်ရမည်-

(က) သတင်းအချက်အလက်ပံ့ပိုးပေးသူများ၏အမည်၊

(ခ) ချေးငွေသတင်းအချက်အလက် ကောက်ယူစုစည်းရခြင်း၏ ရည်ရွယ်ချက်၊

(ဂ) ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ အမည်နှင့် နေရပ်လိပ်စာ၊

(ဃ) ဈေးငွေသတင်းအချက်အလက်ကို ထပ်မံဖြည့်စွက်ရန် သို့မဟုတ် အမှန်သို့ပြင်ဆင်ရန် လိုအပ်ပါက ဈေးငွေသတင်းအချက်အလက်ကိုရယူမည့် နည်းလမ်းများ၊

(င) ဗဟိုဘဏ်က သတ်မှတ်ထားသည့် လမ်းညွှန်ချက်နှင့်အညီပြုစုထားသည့် စံပုံစံသဘောတူညီချက်၊

(စ) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ။

## အခန်း(၅)
## သတင်းအချက်အလက်ကာကွယ်ခြင်းဆိုင်ရာမှုများ

**သတင်းအချက်အလက်လုပ်ငန်းစဉ်**

၁၆။ (က) ဈေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူနှင့်စပ်လျဉ်းသော ဈေးငွေသတင်းအချက်အလက်နှင့် အခြားဆက်စပ်လျက်ရှိသည့် သတင်းအချက်အလက် ရယူခြင်းနှင့်ဖြန့်ဝေခြင်းတို့ကို တရားမျှတစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။

(ခ) သတင်းအချက်အလက်များကို ဤစည်းမျဉ်း အပိုဒ် ၉ တွင် သတ်မှတ်ထားသော ရည်ရွယ်ချက်ဖြင့် ကောက်ယူရမည်။

(ဂ) ဈေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သည့် ဈေးငွေသတင်းအချက်အလက်နှင့် အခြားဆက်စပ်လျက်ရှိသည့် သတင်းအချက်အလက်များသည် မှန်ကန်မှုနှင့် ပြည့်စုံမှုရှိရမည်ဖြစ်ပြီး ယင်းတို့ကို အချိန်နှင့်တစ်ပြေးညီ (up to date) ပြုစု၍ ထိန်းသိမ်းရမည်။

**သတင်းအချက်အလက်လုံလောက်မှုရှိခြင်း၊ သက်ဆိုင်မှုရှိခြင်းနှင့် အလွန်အမင်းများပြားမှု မရှိစေခြင်း**

၁၇။ (က) ဈေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် အောက်ပါအဖွဲ့အစည်းများသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် လုပ်ငန်းများ၏ ဈေးငွေသတင်းအချက်အလက်နှင့် ဆက်စပ်သော သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ စာရင်းအင်းပြုစုခြင်း နှင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ရမည်-

(၁) ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(၂) ကုန်စည်နှင့်ဝန်ဆောင်မှုများကို အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းအဖွဲ့အစည်းများ၊

(၃) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(ၚ) ဆက်သွယ်ရေး၊ လျှပ်စစ်စသည့် အများသုံးဝန်ဆောင်မှု ဖြန့်ဖြူးသည့် ကုမ္ပဏီများ။

(ခ) သတင်းအချက်အလက်များကို ကောက်ယူရာတွင် ဤစည်းမျဉ်းအပိုဒ် ၉ ပါ ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များသာလျှင် ပါဝင်ရမည်။

(ဂ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် အစိုးရဌာနအဖွဲ့အစည်းများနှင့် အခြားယုံကြည်စိတ်ချရသည့် ဇစ်မြစ်များထံမှ ဆီလျော်မှုရှိသည့် သတင်းအချက်အလက်များကို လက်ခံရယူနိုင်သည်။

(ဃ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် တရားရုံး၏ စီရင်ချက်များနှင့် လူမွဲခံယူခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ရရှိနိုင်ပါက တရားဝင်နည်းလမ်းဖြင့် ကောက်ယူစုစည်းနိုင်သည်။

(င) အခြားအစိုးရဌာန အဖွဲ့အစည်းများထံမှ ထပ်တိုးရရှိသည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် အသုံးပြုနိုင်သည်။

**သတင်းအချက်အလက်များလုံခြုံရေး**

၁၈။ ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သူများသည်-

(က) သတင်းအချက်အလက်များကို ဆုံးရှုံးစေခြင်း၊ အကျင့်ပျက်အသုံးချခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း၊ အခွင့်မရှိဘဲရယူခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းတို့ မဖြစ်ပေါ်စေရန် ကာကွယ်ရမည်။

(ခ) မိမိ၏ သတင်းအချက်အလက်ကွန်ရက်ကို အခွင့်မရှိဘဲဝင်ရောက်ရယူခြင်းမရှိစေရန် ကာကွယ်ရမည်။

(ဂ) မိမိ၏ သတင်းအချက်အလက်ကွန်ရက် လုံခြုံရေးအတွက် အနည်းဆုံး အောက်ပါအချက်များ ဆောင်ရွက်ရမည်-

(၁) ရုတ်တရက်ကျရောက်လာသည့် ဘေးအန္တရာယ်ကြောင့် သတင်းအချက်အလက်ဆုံးရှုံးမှုများနှင့် သတင်းအချက်အလက်အလွဲသုံးစားမှုများမှ ကာကွယ်ရန် အစီအစဉ်များနှင့် ဆုံးရှုံးသွားသည့် သတင်းအချက်အလက်များ ပြန်လည်ရရှိစေရန်စနစ်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများထားရှိခြင်း၊

(၂) သတင်းအချက်အလက်များကို အကျင့်ပျက်အသုံးချခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း၊ အခွင့်မရှိဘဲရယူခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းတို့မှ ကာကွယ်ရန် အစီအစဉ်များနှင့် ဆုံးရှုံးသွားသည့် သတင်းအချက်အလက်များ ပြန်လည်ရရှိစေရန်စနစ်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများထားရှိခြင်း၊

(၃) အသုံးပြုခွင့်ရှိသူများကသာလျှင် သတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်ရန်ကန့်သတ်ထားခြင်း၊

(၄) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ သဘောတူညီမှုဖြင့် တရားဝင်ကိစ္စရပ်များ သို့မဟုတ် ခွင့်ပြုထားသောကိစ္စရပ်များအတွက် သတင်းအချက်အလက်များကို ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ အသုံးပြုနိုင်ရန် လုံလောက်သည့် လုပ်ထုံးလုပ်နည်းများထားရှိခြင်း၊

(၅) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ၊ ဖွဲ့စည်းပုံဆိုင်ရာနှင့် နည်းပညာဆိုင်ရာ နည်းလမ်းအရ လုံလောက်သည့် လုံခြုံမှုဆိုင်ရာဆောင်ရွက်ချက်များ၊ မူများနှင့် လုပ်ထုံးလုပ်နည်းများ ထားရှိခြင်း၊

(၆) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတင်းအချက်အလက် လုံခြုံစိတ်ချရမှုဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဗဟိုဘဏ်က အတည်ပြုချက်ရယူရန် ယင်း၏ဒါရိုက်တာအဖွဲ့က သတ်မှတ်ခြင်း။

**လျှို့ဝှက်ချက်များထိန်းသိမ်းထားရှိခြင်း**

၁၉။ (က) ချေးငွေသတင်းအချက်အလက်ဌာနသည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်း၍ စုစည်းကောက်ယူထားသည့် ချေးငွေသတင်းအချက်အလက်နှင့် အခြားမည်သည့်သတင်းအချက်အလက်ကိုမဆို လျှို့ဝှက်ထိန်းသိမ်းထားရမည်။

(ခ) အသုံးပြုခွင့်ရှိသူများသာလျှင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုပ်ငန်းလိုအပ်ချက်အရသာ တိကျစွာရယူကြည့်ရှုရမည်။ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်းသည့် ချေးငွေသတင်းအချက်အလက် လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်းကို ယင်း၏ ဒါရိုက်တာများနှင့် ဝန်ထမ်းများက ပုံမှန်ထိန်းသိမ်းဆောင်ရွက်မှုရှိစေရန် လိုအပ်သောနည်းလမ်းများ ချမှတ်ဆောင်ရွက်ရမည်။

(ဂ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်းသည့် ချေးငွေသတင်းအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ ရယူခြင်းမှကာကွယ်ရန် လိုအပ်သည့် နည်းလမ်းများအားလုံးကို ဆောင်ရွက်ရမည်။ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်းသည့် ချေးငွေသတင်းအချက်အလက်ရယူခြင်းကို ထိန်းချုပ်နိုင်ရန် လုံခြုံမှုဆိုင်ရာ မူများနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားရမည်။

(ဃ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၊ အသုံးပြုခွင့်ရှိသူများနှင့် သတင်းအချက်အလက်ပံ့ပိုးပေးသူများ၏ ဝန်ထမ်းများသည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရန် သင့်လျော်သည့်နည်းလမ်းများကို ချမှတ်ထားရမည်ဖြစ်ပြီး လျှို့ဝှက်ထိန်းသိမ်းထားရှိရန်အချက်များနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားရမည်။

၂၀။ (က) သတင်းအချက်အလက် အသုံးပြုသူတစ်ဦးဦးကသော်လည်းကောင်း၊ သတင်းအချက်အလက်ပံ့ပိုးပေးသူများကသော်လည်းကောင်း ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်းသည့် ချေးငွေသတင်းအချက်အလက်ကို တတိယပုဂ္ဂိုလ်သို့ ရောင်းချခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

(ခ) အသုံးပြုခွင့်ရှိသူများသည် ဈေးကွက်လှုံ့ဆော်မှုများပြုလုပ်ရန် သို့မဟုတ် တတိယပုဂ္ဂိုလ်သို့ ဝန်ဆောင်မှုပေးရန် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်မှ ရရှိသည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အသုံးမပြုရ။

**သတင်းအချက်အလက်ထိန်းသိမ်းခြင်းကာလ**

၂၁။ ချေးငွေသတင်းအချက်အလက်ဌာနသည်-

(က) အပြုသဘောဆောင်သည့် ချေးငွေသတင်းအချက်အလက်ဖြစ်ပါက အဆိုပါကိစ္စအတွက် ငွေပေးချေမှု သို့မဟုတ် စာရင်းရှင်းလင်းမှုပြုသည့်နေ့မှ သုံးနှစ်တာကာလအထိ သတင်းအချက်အလက်များဖြန့်ဝေခြင်းကို ဆောင်ရွက်ရမည်။

(ခ) တရားရုံး၏ဆုံးဖြတ်ချက်ဖြစ်ပါက ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်နေ့မှ သုံးနှစ်တာကာလအထိ သတင်းအချက်အလက်များဖြန့်ဝေခြင်းကို ဆောင်ရွက်ရမည်။

(ဂ) လူမွဲစာရင်းခံယူခြင်းဖြစ်ပါက ဆောင်ရွက်ပြီးသည့်နေ့မှ ငါးနှစ်တာကာလအထိ သတင်းအချက်အလက်များဖြန့်ဝေခြင်းကို ဆောင်ရွက်ရမည်။

(ဃ) အပြုသဘောမဆောင်သည့် ချေးငွေသတင်းအချက်အလက်ဖြစ်ပါက ဗဟိုဘဏ်၏ ချေးငွေအမျိုးအစား သတ်မှတ်ချက်စည်းမျဉ်းအရ ချေးငွေပေးဆပ်ရန် ပျက်ကွက်သည့်နေ့မှ သုံးနှစ်တာကာလအထိ သတင်းအချက်အလက်များဖြန့်ဝေခြင်းကို ဆောင်ရွက်ရမည်။

(င) ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ် ထိရောက်ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ဆောင်မှုများတိုးတက်လာစေရန် သတင်းအချက်အလက်များကို လုံလောက်သော အချိန်ကာလတစ်ရပ်အထိ ထိန်းသိမ်းထားရှိအသုံးပြုရမည်။

## အခန်း(၆)
## ဈေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ပါဝင်သူများ၏ တာဝန်များ

**ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ တာဝန်များ**

၂၂။ (က) ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည်-

(၁) သတင်းအချက်အလက်၏ အရည်အသွေးနှင့် တိကျခိုင်မာမှုရှိစေရန် လုံလောက်သောမူများ၊ လုပ်ငန်းစဉ်များနှင့်လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရမည်။

(၂) သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ(updated)ရရှိစေရန် ဗဟိုဘဏ်၏သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၃) သတင်းအချက်အလက်များမှန်ကန်စေရန် ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းအတွက် လုံလောက်သော စနစ်တစ်ရပ် ထူထောင်ထားရမည်။ ဗဟိုဘဏ်၏ လမ်းညွှန်ချက်ပါ သတ်မှတ်အချိန်ကာလအတွင်း ပြင်ဆင်ပြီး သတင်းအချက်အလက်များ ပံ့ပိုးပေးရမည်။

(၄) ဈေးငွေသတင်းအချက်အလက်ဖြန့်ဝေမှု လုပ်ငန်းဆောင်ရွက်ရာတွင် မဆင်မခြင်ပြုမူဆောင်ရွက်ခြင်းနှင့် လျစ်လျူရှုမှုများကြောင့် သတင်းအချက်အလက်မှားယွင်းမှုတစ်ရပ်ရပ်ပေါ်ပေါက်ပါက သတင်းအချက်အလက်ပံ့ပိုးပေးသူများ၊ အသုံးပြုသူများ၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများအတွက် တာဝန်ခံဆောင်ရွက်ရမည်။ ထို့အပြင်-

(ကက) လွန်ခဲ့သည့်သုံးလအတွင်း အသုံးပြုသူများထံပံ့ပိုးပေးခဲ့သော အချက်အလက်များတွင် သိသာထင်ရှားစွာ မှားယွင်းနေကြောင်း သိရှိရပါက ယင်းအတွက် စုံစမ်းစစ်ဆေးရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များကို ချက်ချင်းအမှန်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ချမှတ်ဆောင်ရွက်ရမည်။

(ခခ) လွန်ခဲ့သည့်သုံးလအတွင်း အသုံးပြုသူများရယူခဲ့သည့် သတင်းအချက်အလက်အသေးစိတ်ပါဝင်သည့် အချိန်နှင့်တစ်ပြေးညီ (updated) ပြုစုထားသည့် အစီရင်ခံစာကို ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများသို့ မိတ္တူတစ်စောင်ပေးပို့ရမည်။

(ဂဂ) မဆင်မခြင်ဆောင်ရွက်မှု သို့မဟုတ် ပေါ့ဆမှုကြောင့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ ငွေရေးကြေးရေးဆိုင်ရာ နာမည်ဂုဏ်သတင်းထိခိုက်မှုအတွက် နစ်နာသူက တောင်းဆိုမှုတစ်ရပ်ရပ်ပြုလုပ်ပါက ယင်းကိုတာဝန်ယူဖြေရှင်းရမည်။

(ဃဃ) သတင်းအချက်အလက်မှားယွင်းမှုအတွက် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူအနေဖြင့် ကြုံတွေ့ရမည့် နစ်နာဆုံးရှုံးမှုများကို လျော့နည်းစေရန် အားထုတ်ဆောင်ရွက်ရမည်။

(ဈ) "မလွန်ဆန်နိုင်သောဖြစ်ရပ်များ" သို့မဟုတ် အစိုးရ၏ အမိန့်များမှတစ်ပါး သတင်းအချက်အလက်ပေးပို့သည့် ဝန်ဆောင်မှုတို့တွင် ပျက်ကွက်မှု၊ အနှောင့်အယှက်ဖြစ်စေမှု သို့မဟုတ် အလွန်အမင်း ကြန့်ကြာမှုပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုခွင့်ရှိသူ၊ သတင်းအချက်အလက်ပံ့ပိုးပေးသူ၊ ဗဟိုဘဏ် သို့မဟုတ် အခြားတတိယပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုမှုများအတွက် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရမည်။

(ခ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက် ပံ့ပိုးပေးသူများကပေးသည့် ချေးငွေသတင်းအချက်အလက်များကိုဖြစ်စေ၊ အခြားသတင်းအချက်အလက်များကိုဖြစ်စေ အသုံးပြုခွင့်မရှိသူထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းအသုံးပြုစေခြင်းမပြုရ။

**သတင်းအချက်အလက်ပံ့ပိုးပေးသူများ၏ တာဝန်ဝတ္တရားများ**

၂၃။ သတင်းအချက်အလက်ပံ့ပိုးပေးသူများသည်-

(က) ဗဟိုဘဏ်၏သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံမှန်ကန်သည့် ချေးငွေသတင်းအချက်အလက်များကို ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသို့ ပေးပို့ရမည်။

(ခ) မိမိနှင့် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများအကြား ချုပ်ဆိုထားသည့် သက်ဆိုင်ရာသဘောတူစာချုပ်များအရ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများကပေးသည့် ချေးငွေသတင်းအချက်အလက်များကို ရယူခြင်း၊ ဝင်ရောက်ကြည့်ရှုခြင်းပြုနိုင်သည်။

(ဂ) သတင်းအချက်အလက်လုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းထားရှိမှု သေချာစေရန်အတွက် လုံလောက်သည့်မူများ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရမည်။

(ဃ) ဗဟိုဘဏ်ကသတ်မှတ်ထားသည့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ၏ အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရယူအသုံးပြုခွင့်ရှိသည့် သတင်းအချက်အလက်များကို ရရှိနိုင်စေမည့် လုံလောက်သည့်အစီအစဉ်များ၊ မူများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရမည်။

(င) ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများထံသို့ ပေးပို့သည့် သတင်း အချက်အလက်များ မှန်ကန်မှုမရှိပါက ယင်းတို့ကိုတာဝန်ခံ၍ မှန်ကန်သည့် သတင်း အချက်အလက်များပေးရမည်။

(စ) ဈေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က ထုတ်ပြန်သည့် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာရမည်။

(ဆ) သတင်းအချက်အလက်ပံ့ပိုးပေးသူများသည် ဈေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်နှင့်စပ်လျဉ်း၍ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မည့် မိမိခန့်အပ်ထားသည့် စာရင်းစစ်များ သို့မဟုတ် ဗဟိုဘဏ်ကို မိမိစနစ်များနှင့် အီလက်ထရောနစ်စနစ်ဖြင့် စုစည်းထားရှိသော သတင်းအချက်အလက်များ (database) ကို ဝင်ရောက်ကြည့်ရှုဆောင်ရွက်ခွင့်ပြုရမည်။

၂၄။ ဤစည်းမျဉ်း အပိုဒ် ၃၁ တွင်ဖော်ပြထားသော အငြင်းပွားမှုများအား ဖြေရှင်းသည့်နည်းလမ်းများအရပြုလုပ်သည့် ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သိသာထင်ရှားစွာပေါ်ဆခြင်းကြောင့် သတင်းအချက်အလက်ပံ့ပိုးပေးသူများက ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ၏ ငွေရေးကြေးရေးဆိုင်ရာ နာမည်ဂုဏ်သတင်းကို နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေပါက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နစ်နာသူများ၏ တောင်းဆိုမှုတစ်ရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ရမည်။

**အခြားသတင်းအချက်အလက်ပံ့ပိုးပေးသူ တတိယပုဂ္ဂိုလ်များ၏ တာဝန်များ**

၂၅။ အခြားသတင်းအချက်အလက်ပံ့ပိုးပေးသူ တတိယပုဂ္ဂိုလ်များသည် ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များနှင့်အညီ ဈေးငွေသတင်းအချက်အလက်ဌာနများသို့ သတင်းအချက်အလက်များပေးပို့နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အခြားသတင်းအချက်အလက်ပံ့ပိုးပေးသူ တတိယပုဂ္ဂိုလ်များသည် အောက်ပါတို့ကို တာဝန်ခံဆောင်ရွက်ရမည် -

(က) ဈေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသို့ပေးပို့သော သတင်း အချက်အလက်များ မှန်ကန်မှုရှိစေရန်၊

(ခ) ဤစည်းမျဉ်း အပိုဒ် ၃၁ တွင်ဖော်ပြထားသော အငြင်းပွားမှုများအား ဖြေရှင်းသည့်နည်းလမ်းများအရ ပြုလုပ်သည့်ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သိသာထင်ရှားစွာ ပေါ့ဆခြင်းကြောင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ၏ ငွေရေးကြေးရေးဆိုင်ရာနာမည်ဂုဏ်သတင်းကို ကြီးမားစွာ

နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေပါက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နစ်နာသူများ၏ တောင်းဆိုမှုတစ်ရပ်ရပ်အတွက် တာဝန်ယူဆောင်ရွက်ပေးရန်။

**အသုံးပြုခွင့်ရှိသူများ၏ တာဝန်ဝတ္တရားများ**

၂၆။ အသုံးပြုခွင့်ရှိသူသည်-

(က) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ချုပ်ဆိုထားသည့် သက်ဆိုင်ရာသဘောတူစာချုပ်များပါ စည်းကမ်းချက်များနှင့်အညီ သတင်းအချက်အလက်များကို ရယူခွင့်ရှိသည်။

(ခ) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများသို့ ယင်းတို့၏ သတင်းအချက်အလက်များ စုံစမ်းရယူခြင်း ရည်ရွယ်ချက်နှင့် ခွင့်ပြုချက်၏ အကျိုးဆက်များကို အသိပေးအကြောင်းကြားရမည်။

(ဂ) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူက စာဖြင့်ရေးသားသဘောတူခွင့်ပြုသော သတင်းအချက်အလက်ကိုသာလျှင် အသုံးပြုရမည်။

(ဃ) ဤစည်းမျဉ်း အပိုဒ် ၉ အရ သတ်မှတ်ထားသည့် ရည်ရွယ်ချက်အတွက်သာလျှင် သတင်းအချက်အလက်ကိုအသုံးပြုရမည်။

(င) အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ သတင်းအချက်အလက်ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

**အခန်း(၇)**

**ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေးများနှင့် လုပ်ငန်းစဉ်**

**ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေး**

၂၇။ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများသည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(က) ကိစ္စတစ်ရပ်ရပ်အတွက် ယင်းတို့၏ သတင်းအချက်အလက်များ အသုံးပြုခြင်းကို ကန့်ကွက်နိုင်ခွင့်၊

(ခ) ယင်းတို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကောက်ယူစုစည်းခြင်း၊ စာရင်းပြုစုခြင်းနှင့် ဖြန့်ဝေခြင်းများကို သိရှိပိုင်ခွင့်၊

(ဂ) ယင်းတို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ကာလအပိုင်းအခြားအလိုက် ပြုစုထားသော သတင်းအချက်အလက်များကို ကုန်ကျစရိတ်အနည်းငယ်ဖြင့် သို့မဟုတ် ကုန်ကျစရိတ်မရှိဘဲ ရယူကြည့်ရှုခွင့်၊

(ဃ) ယင်းတို့၏ သတင်းအချက်အလက်များ မှန်ကန်မှုရှိစေရန် တောင်းဆိုခွင့်၊

(င) ယင်းတို့၏နိုင်ငံရေး၊ ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးစသည့် ကိုယ်ရေးကိစ္စ သတင်းအချက်အလက်များကို ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်တွင် ကောက်ယူစုစည်းခြင်းနှင့် ထိန်းသိမ်းခြင်းမှ ကင်းလွတ်ခွင့်။

**ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေး တောင်းဆိုခြင်းဆိုင်ရာလုပ်ငန်းစဉ်**

၂၈။ (က) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများသည် ယင်းတို့၏ချေးငွေဆိုင်ရာသတင်းအချက်အလက်များကိုမရယူမီ မည်သူမည်ဝါဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်ရှိပြီး ယင်းတို့နှင့်သက်ဆိုင်သောအချက်အလက်တစ်ရပ်ရပ်ကို ထုတ်ပေးပါရန် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသို့ တောင်းဆိုနိုင်သည်။

(ခ) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများက ယင်းတို့နှင့်သက်ဆိုင်သော အချက်အလက်တစ်ရပ်ရပ်ကို ထုတ်ပေးပါရန် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသို့ တောင်းဆိုပါက တောင်းဆိုသည့်နေ့မှ အလုပ်လုပ်ရက် (၁၀)ရက်အတွင်း တောင်းဆိုသည့် သတင်းအချက်အလက်အစီရင်ခံစာကို ထုတ်ပေးရမည်။

(ဂ) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများသည် ချေးငွေသတင်းအချက်အလက်မပြည့်စုံမှု သို့မဟုတ် မှားယွင်းမှုတစ်ရပ်ရပ်ကို ပြင်ဆင်စေရန်အတွက် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသို့ အချိန်မရွေးတောင်းဆိုခွင့်ရှိရမည်။

၂၉။ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည်-

(က) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများထံသို့ လွန်ခဲ့သော ခြောက်လအတွင်းက ယင်းတို့၏ ချေးငွေသတင်းအချက်အလက်ရယူခဲ့သော သတင်းအချက်အလက် ပံ့ပိုးပေးသူများစာရင်း(အမည်အပါအဝင်) နှင့် ယင်းတို့၏ ချေးငွေသတင်းအချက်အလက်အားလုံး၏ မိတ္တူကို တစ်နှစ်လျှင်တစ်ကြိမ်ပေးပို့ရမည်။

(ခ) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူထံမှ ချေးငွေသတင်းအချက်အလက်မှားယွင်းမှု သို့မဟုတ် မပြည့်စုံမှုအတွက် ပြင်ဆင်ပေးရန်တောင်းဆိုမှုကို လက်ခံရရှိသည့်အခါ သက်ဆိုင်သည့် သတင်းအချက်အလက်ပံ့ပိုးပေးသူအား အသိပေးအကြောင်းကြားရန်နှင့် ချေးငွေသတင်းအချက်အလက် မှန်ကန်ရေးအတွက် စုံစမ်းစစ်ဆေးမှုပြုနိုင်ရန် သက်ဆိုင်သော သတင်းအချက်အလက်အားလုံးကို ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာဝန်ဆောင်မှုပေးသူထံသို့ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ပေးပို့ရမည်။

(ဂ) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ၏ တိုင်တန်းချက်အပေါ် သက်ဆိုင်သည့် သတင်းအချက်အလက်ပံ့ပိုးပေးသူက အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေ ပြန်ကြားချက်ကို ပြန်လည်ရရှိသည့်နေ့မှ အလုပ်လုပ်ရက်(၁၅)ရက်ထက် နောက်မကျစေဘဲ

သက်ဆိုင်ရာတိုင်တန်းသူသို့ ယင်း၏ မူလလိပ်စာပါအတိုင်း အသိပေးအကြောင်းကြားရမည်။

(ဃ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းနေရာများနှင့် ဝက်ဘ်ဆိုက်များ၊ သတင်းအချက်အလက်ပံ့ပိုးပေးသူတို့၏ လုပ်ငန်းနေရာများနှင့် ဝက်ဘ်ဆိုက်များတွင် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူ အခွင့်အရေးကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ဖော်ပြထားရမည်။

၃၀။ သတင်းအချက်အလက်ပံ့ပိုးပေးသူသည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်ဆိုင်ရာ စုံစမ်းမှုရလဒ်အရ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူအပေါ် ဆောင်ရွက်မှု တစ်စုံတစ်ရာပြုလုပ်ရသည့်အခါ ထိုနေ့မှစ၍ အလုပ်လုပ်ရက် ငါးရက်အတွင်း ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူကို အသိပေးရမည်။

**အငြင်းပွားမှုများအား ဖြေရှင်းသည့်နည်းလမ်းများ**

၃၁။ (က) ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများသည် ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ်တွင် ယင်းတို့၏ အချက်အလက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် တိုက်ရိုက်ဆွေးနွေးဆောင်ရွက်ရမည်။

(ခ) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူသည် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူ၏ ဖြေရှင်းချက်ကို ကျေနပ်မှုမရှိပါက ဗဟိုဘဏ်သို့ အယူခံဝင်နိုင်သည်။

## အခန်း(၈)
## ချေးငွေသတင်းအချက်အလက်ဌာန ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံ

၃၂။ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ချေးငွေသတင်းပေးပို့ခြင်းလုပ်ငန်း၏ လိုအပ်ချက်များပြည့်မီစေရန် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ စီးပွားရေးလုပ်ငန်းများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များအား အကျုံးဝင်စေမည့် အရင်းအမြစ်ခွဲဝေမှုများကို ထိရောက်စွာဆောင်ရွက်နိုင်သည့် ပြည့်စုံသောဖွဲ့စည်းပုံရှိရမည်။

၃၃။ (က) ချေးငွေသတင်းအချက်အလက်ဌာန၏ ဒါရိုက်တာအဖွဲ့သည် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူက သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းတစ်ရပ်ရပ်ကို

လိုက်နာမှုရှိရန်နှင့် စည်းမျဉ်းစည်းကမ်းဖြင့် ကောင်းစွာကြပ်မတ်ကွပ်ကဲမှုရှိရန် အတွက် တာဝန်ခံဆောင်ရွက်ရမည်။

(ခ) ချေးငွေသတင်းအချက်အလက်ဌာနအား စီမံအုပ်ချုပ်ရန် ဒါရိုက်တာအဖွဲ့ကို အနည်းဆုံး အဖွဲ့ဝင်ငါးဦး ပါဝင်ဖွဲ့စည်းရမည်။ အဆိုပါဒါရိုက်တာအဖွဲ့တွင် ဗဟိုဘဏ်မှ ကိုယ်စားလှယ်တစ်ဦး၊ ဘဏ်လုပ်ငန်းမဟုတ်သည့်ကဏ္ဍမှ ပြင်ပဒါရိုက်တာတစ်ဦးနှင့် ဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦးတို့ ပါရှိရမည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်များသည် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးစနစ်နှင့်စပ်လျဉ်းသည့် ကျွမ်းကျင်အရည်အချင်းများရှိရမည်။ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသူကို ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းမပြုရ-

(၁) အကျင့်စာရိတ္တနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရဖူးခြင်း၊

(၂) ခိုးမှု၊ လိမ်လည်အတုပြုမှု၊ အလွဲသုံးစားပြုမှု၊ ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှု သို့မဟုတ် လိမ်လည်လှည့်ဖြားမှုစသည့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရဖူးခြင်း၊

(၃) အတိုးကြီးစား၍ ငွေတိုးချခြင်း၊

(၄) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုစသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရဖူးခြင်း၊

(၅) ငွေထုတ်ယူ၍မရသော ချက်လက်မှတ်များထုတ်ပေးခြင်း၊

(၆) ရရန်ပိုင်ခွင့်များအား ထုခွဲရောင်းချရန် အမိန့်ချမှတ်ခြင်းခံရသူ သို့မဟုတ် လူမွဲစာရင်း ကြေညာခြင်းခံရသူဖြစ်ခြင်း။

၃၄။ ဒါရိုက်တာအဖွဲ့က အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသူကို အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ခြင်းမပြုရ-

(က) အကျင့်စာရိတ္တနှင့်သက်ဆိုင်သည့်ပြစ်မှု တစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရဖူးခြင်း၊

(ခ) အရွယ်မရောက်သေးသူ သို့မဟုတ် ဥပဒေအရ စွမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဂ) လိမ်လည်မှု သို့မဟုတ် ခိုးမှုအပါအဝင် ငွေရေးကြေးရေးဆုံးရှုံးမှုဖြစ်ပေါ်စေသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ဖူးသူဖြစ်ခြင်း၊

(ဃ) ပြီးခဲ့သည့် (၁၀)နှစ်အတွင်း အဂတိလိုက်စားမှု သို့မဟုတ် ဌာနတွင်း အလွဲသုံးစားမှု ပြုလုပ်ခဲ့သဖြင့် ရာထူးမှဖယ်ရှားခံရခြင်း၊

(င) မရိုးမဖြောင့်သောသဘောဖြင့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ဖူးသူဖြစ်ခြင်း၊

(စ) သတင်းအချက်အလက်ပံ့ပိုးပေးသူ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် သို့မဟုတ် အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်နေခြင်း။

## အခန်း (၉)
## ဝန်ဆောင်မှု

**ဝန်ဆောင်မှု သို့မဟုတ် ဆောင်ရွက်မှုအသစ်များ**

၃၅။ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ဝန်ဆောင်မှုအသစ်များပေးရန်အတွက် ဗဟိုဘဏ်ထံမှ ကြိုတင်လမ်းညွှန်မှုခံယူရမည်။ ဗဟိုဘဏ်သည် ဝန်ဆောင်မှုအသစ်များအတွက် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူအပေါ် သက်ရောက်မှုနှင့် မြီရှင်များအားလုံးအတွက် ဝန်ဆောင်မှု၏ ယုံကြည်စိတ်ချရမှုနှင့် မျှတမှုတို့အပေါ် အခြေခံ၍ သုံးသပ်ချက်ပြုလုပ်ရမည်။ ဗဟိုဘဏ်၏ သုံးသပ်ချက်ကို ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများက တင်ပြတောင်းခံသည့်အခါ တင်ပြတောင်းခံသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ထုတ်ပေးရမည်။

**ဝန်ဆောင်ခနှုန်းထားများဆိုင်ရာ မူဝါဒ**

၃၆။ (က) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် ဝန်ဆောင်မှုအပေါ် ကောက်ခံမည့် အခကြေးငွေများကို ယင်းတို့ပေးသည့် ဝန်ဆောင်မှုများနှင့် လိုက်လျောညီထွေရှိပြီး ပွင့်လင်းမြင်သာမှုရှိသည့် မူပေါ်တွင် အခြေခံ၍ ကောက်ခံနိုင်သည်။

(ခ) ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် အခကြေးငွေနှုန်းထားပြင်ဆင်ချက်တစ်ရပ်ရပ်အတွက် ဗဟိုဘဏ်၏ အတည်ပြုချက်ရယူရမည်။ ထိုသို့ အတည်ပြုချက်ရယူရာတွင် ဗဟိုဘဏ်သည် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် အဆိုပါလျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှ အလုပ်လုပ်ရက် (၁၅)ရက်အတွင်း အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ တားမြစ်ချက်**

၃၇။ (က) မည်သည့်ပုဂ္ဂိုလ်မျှ ဗဟိုဘဏ်၏ခွင့်ပြုချက်မရှိဘဲ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်ခြင်းမပြုရ။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် တရားဝင်အဖွဲ့အစည်းမှတစ်ပါး မည်သူမျှ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်ရန် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ရယူခြင်းမပြုရ။

## အခန်း (၁၀)
## အထွေထွေ

၃၈။ (က) သတင်းအချက်အလက်ပံ့ပိုးပေးသူ သို့မဟုတ် အသုံးပြုသူတစ်ဦးဦးသည် ဘဏ်ဖြစ်ပါက ချေးငွေသတင်းအချက်အလက်ဌာနတစ်ခုခုတွင် စုစုပေါင်းအစုရှယ်ယာ၏ ၁၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ခြင်းမရှိစေရ။

(ခ) ဗဟိုဘဏ်သည် ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ အစုရှယ်ယာ ပိုင်ဆိုင်မှု ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက လမ်းညွှန်ချက်များ ထပ်မံထုတ်ပြန်နိုင်သည်။

၃၉။ ဤစည်းမျဉ်းအား လိုက်နာဆောင်ရွက်မှုမရှိပါက ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ အရေးယူခြင်းခံရမည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ